## ၃။ ဝါရွက်လိပ်ပိုး

**Cotton leaf roller: *Haritalodes derogata* (Fabricius, 1775)**

**(Lepidoptera: Crambidae)**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**




ဖလံအကောင်ကြီး၏အတောင်သည် နို့နှစ်ရောင်အောက်ခံပေါ်တွင် အညိုရင့်ရောင်အစင်းများ နှင့် ရှုပ်ထွေးနေသော ပုံသဏ္ဍာန်များရှိပြီး အဖျားပိုင်းတွင် ပါလွှာသော အညိုရောင်အစင်း ပါရှိ သည်။ အတောင်၏အကျယ်မှာ (၃၀-၄၀) မီလီမီတာခန့်ရှိပြီး ဦးခေါင်း နှင့် ရင်အုပ်ပေါ်တွင် အမဲရောင်အစက်များ ပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပိုးလောက်ကောင်များသည် အရွက်များအား လိပ်ပြီး အရွက်၏အနားများကို စားသောက်ဖျက်ဆီးသောကြောင့် အရွက်များလိမ်တွန့်ကာ ကြွေကျစေသည်။ အရွက်ကြွေခြင်းကြောင့် ဂုန်လျှော်တောင့်များ အရွယ်မတိုင်မီ ရင့်မှည့်ခြင်းနှင့် အဖူးဖြစ်ပေါ်မှု ပျက်ဆီးစေခြင်းများ ဖြစ်စေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– ( ၃ )** ရက် |
| လောက်ကောင် အဆင့် | **– (၂၃ – ၇၃ )** ရက် |
| ရုပ်ဖုံး အဆင့် | **– (၈)** ရက် |
| အကောင်ကြီး အဆင့် | **– ( ၄–၇ )** ပတ် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဘက်တီးရီးယား *Bacillus thuringiensis* အားလောက်ကောင်ငယ်စဉ်အသုံးပြုပါ။

(၂) ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda–cyhalothrin)
- အဆီဖိတ် (Acephate)
- ဖလူဗန်ဒိုင်ယာမိုက် (Flubendiamide)